# Indorama Ventures
# Public Company Limited
# အင်ဒိုရားမား အများပိုင်ကုမ္ပဏီလီမိတက်

# Diversity Policy
# ကွဲပြားခြားနားချက်ဆိုင်ရာ မူဝါဒ

*(As approved by the Board of Directors Meeting No.1/2017 dated February 17, 2017)*

*(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့ ဒါရိုက်တာအဖွဲ့အစည်းအဝေးအမှတ် ၁/၂၀၁၇ ၏အတည်ပြုချက်အရ)*

မှတ်ချက်

ဤမူဝါဒတွင်ပါဝင်သော အချက်အလက်အချို့သည် ဒေသတွင်းနိုင်ငံ၏ဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများ စသည်တို့နှင့် အငြင်းပွားဖွယ်ရာဖြစ်ခဲ့လျှင် ဒေသဆိုင်ရာနိုင်ငံ၏ ဥပဒေများက ယင်းအချက်များအပေါ် လွှမ်းမိုးရမည်။

## ကွဲပြားခြားနားချက်ဆိုင်ရာ မူဝါဒ

အင်ဒိုရားမားသည် အလုပ်ဖိအားနှင့်စွမ်းရည်ကို ယှဉ်ပြိုင်မှုအားသာချက်အဖြစ် အသိအမှတ်ပြုပါသည်။ ကျွန်ုပ်တို့စီးပွားရေးလုပ်ငန်းအောင်မြင်မှုသည် ကျွန်ုပ်တို့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်နှင့်အရည်အချင်း၏ရောင်ပြန်ဟပ်မှုတစ်ခုသာဖြစ်ပါသည်။ ကုမ္ပဏီသည် စီးပွားရေးအောင်မြင်မှုနှင့်စွမ်းဆောင်ရည်တိုးတက်မှုများ ဆက်လက်ဖြစ်ပေါ်စေရန်အတွက် လူသားများ၏ အရည်အသွေးကို အဆင့်မြင့်စွာအသုံးချရန် ပိုင်းဖြတ်ထား ပါသည်။

ကွဲပြားခြားနားချက် စီမံခန့်ခွဲမှုသည် တစ်ဦးချင်းအပေါ်တွင်လည်းကောင်း၊ အဖွဲ့အစည်းပေါ်တွင်လည်းကောင်း၊ ကုမ္ပဏီတစ်ခုလုံးနှင့်၎င်း၏ဖောက်သည်များအပေါ်တွင်လည်းကောင်း အကျိုးဖြစ်ထွန်းစေပါသည်။ အင်ဒိုရားမားသည် ဝန်ထမ်းတစ်ဦးချင်း၏ စွမ်းဆောင်ရည်များ၊ အတွေ့အကြုံနှင့် လုပ်ငန်းခွင်ရှိ အလေ့အထများ အပေါ် အသိအမှတ်ပြုသည်။ ကုမ္ပဏီသည် အဆင့်အမျိုးမျိုးတွင်လုပ်ဆောင်နေသည့် ဝန်ထမ်းများအားလုံး၏လုပ်ဆောင်ချက်များကို တန်ဖိုးထားပါသည်။

အင်ဒိုရားမားသည် လူအများနှင့်ဆက်ဆံရာတွင် လေးစားပြီး ဂုဏ်သိက္ခာရှိစွာဆက်ဆံမည်ကို ယုံကြည်သည်။ ကျွန်ုပ်တို့သည် ကုမ္ပဏီအတွင်းရှိ ဝန်ထမ်းတစ်ဦးချင်း၏ အမြင့်မားဆုံး စွမ်းဆောင်နိုင်မှုများကို ခွဲခြားမှုမရှိစေဘဲ သိရှိနားလည်နိုင်စေမည့် ပတ်ဝန်းကျင်ကို ကြိုးပမ်းဖော်ဆောင်ပါသည်။ အင်ဒိုရားမားသည် အကောင်းဆုံးဝန်ထမ်းများကို အကောင်းဆုံးအလုပ်များ ပေးအပ်မည်ဟု ကတိပြုသည်။ အင်ဒိုရားမားသည် ဈေးကွက်နှင့်ဖောက်သည်များ၏ တုံ့ပြန်မှု၏ အရေးကြီးပုံကို အသိအမှတ်ပြုပါသည်။ အင်ဒိုရားမားသည် ပြည်တွင်း ပြည်ပရှိ အမျိုးမျိုးသော ကျွန်ုပ်တို့၏ စားသုံးသူများ၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်နှင့် ခန့်မှန်းနိုင်ရန်အတွက် ကွဲပြားသည့် အရည်အချင်းများ နှင့် ကျွမ်းကျင်လုပ်သား အင်အားများ ရှိပါသည်။

အင်ဒိုရားမားသည် ဘက်ပေါင်းစုံမှ အမျိုးမျိုး တည်ရှိပါသည်။ ကျွန်ုပ်တို့၏ ကွဲပြားခြားနားချက်ဟု ဆိုရာတွင် အမျိုးမျိုးသော လူမျိုးစုများ၊ အသက်အရွယ်၊ ကျား မ၊ ဘာသာစကား၊ ဘာသာရေး၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ အတွေးအခေါ်၊ အတွေ့အကြုံ၊ ပညာရေး စသည်တို့ အားလုံး အကျုံးဝင်ပါသည်။

ကျွန်ုပ်တို့သည် စီးပွားရေးအောင်မြင်မှုနှင့် အမျိုးမျိုးသော ကွဲပြားသည့် တီထွင်စမ်းသစ်မှုများမှ ရလဒ်များမှ ကျယ်ပြန့်သည့် အမြင်များ ရရှိသည်ဟု ယုံကြည်ပါသည်။ ကွဲပြားသည့် စီမံခန့်ခွဲမှုများသည် ကျွန်ုပ်တို့အား တီထွင်မှု၊ ပြောင်းလွယ်ပြင်လွယ်ရှိမှု၊ ကြွယ်ဝမှု နှင့် ယှဉ်ပြိုင်နိုင်မှုများကို ဖြစ်စေပါသည်။

ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်သူအနေဖြင့် အင်ဒိုရားမားသည် ကမ္ဘာအဝှမ်းမှ လူများကို အလုပ်ခန့်အပ်ပါသည်။ ကုမ္ပဏီသည် အမျိုးမျိုးသော ယဉ်ကျေးမှုနှင့်အမျိုးသားရေးနောက်ခံကွဲပြားသည့် ဝန်ထမ်းများထံမှ ရှုပ်ထွေးသည့် ပြည်ပနိုင်ငံများ၏ ဈေးကွက်ကို နားလည်စေရန်နှင့် တန်ဖိုးရှိသော ဗဟုသုတများကို ရရှိသည်ဟုယုံကြည်ပါသည်။ ကုမ္ပဏီသည် အားလုံးကို ညီမျှသည့် အခွင့်အရေးများပေးအပ်ပါသည်။

အင်ဒိုရားမားသည် ဝန်ထမ်းများ၏ လုပ်ဆောင်ချက်များအပေါ် မူတည်ပြီး ရာထူးတိုးမြှင့်ခန့်ထားများ ၊ ဆုချီးမြှင့်မှုများ ဆောင်ရွက်ပါသည်။ မန်နေဂျာအားလုံးသည် ဝန်ထမ်းများအားလုံးကို မျှတသည့် ဆက်ဆံရေး နှင့် အကဲဖြတ်မှုများ သေချာအောင်ဆောင်ရွက်ပါသည်။

ဤမူဝါဒသည် ဝန်ထမ်းများ ခန့်အပ်ခြင်း၊ သင်တန်းပေးခြင်း၊ အလုပ်တာဝန်ခွဲဝေချထားခြင်း၊ လစာပေးခြင်း၊ ခံစားခွင့်ပေးခြင်း၊ စည်းကမ်းသတ်မှတ်ခြင်း၊ အလုပ်မှ ထုတ်ပယ်ခြင်း စသည့်အရာအားလုံးအပေါ်တွင် အသုံးချရန်ဖြစ်သည်။ အင်ဒိုရားမားသည် လုပ်ငန်းခွင်အတွင်းရှိဝန်ထမ်းများ တစ်ဦးနှင့်တစ်ဦး လေးစားစွာ ဆက်ဆံရေး တိုးတက်စေရန် ဆောင်ရွက်သည်။ ကုမ္ပဏီသည် ခွဲခြား ဆက်ဆံခြင်း၊ လိင်ပိုင်းဆိုင်ရာ အနှောက်အယှက်ပြုခြင်း စသည်တို့ကို အနာဂတ်တွင်ကာကွယ်ရန် ရှင်းလင်းသည့် တိုင်ကြားမှုစနစ်ရှိသည်။